# ၂၀၁၄ - ၂၀၁၅ နှင့် ၂၀၁၅ - ၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် မြန်မာနိုင်ငံ EITI အစီရင်ခံစာများ ထုတ်ပြန်ကြေညာခြင်းနှင့် လူထုဆွေးနွေးပွဲ

## ထုတ်ပြန်ကြေညာချက်
## ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၁၉) ရက်

၁။ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (Extractive Industries Transparency Initiative - EITI) သည် သဘာဝသယံဇာတများအပေါ် မှီခိုနေရသော နိုင်ငံများ၏လက္ခဏာများဖြစ်ကြသည့် ဖွံ့ဖြိုးမှုနောက်ကျခြင်း၊ ပဋိပက္ခများဖြစ်ပွားခြင်းနှင့် ဆင်းရဲနွမ်းပါးခြင်း စသည်တို့ကို တိုက်ဖျက်ရန်အတွက် နိုင်ငံတကာအသိုင်းအဝိုင်း၏ ထိရောက်ထင်ရှားသောတုံ့ပြန်ချက် ဖြစ်ပါသည်။ ယင်း၏တာဝန်မှာ သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ခြင်းမှရရှိသည့် အခွန်အခများပေးဆောင်မှုနှင့် အသုံးပြုမှုတို့တွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ တိုးတက်မြင့်မားလာစေရန်ဖြစ်ပါသည်။

၂။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၂) ရက်နေ့၌ မက္ကဆီကိုနိုင်ငံတွင်ကျင်းပသော (၂၇) ကြိမ်မြောက် နိုင်ငံတကာ EITI ဘုတ်အဖွဲ့အစည်းအဝေးတွင် မြန်မာနိုင်ငံအား (၄၅) နိုင်ငံမြောက် EITI အဖွဲ့ဝင်လောင်းနိုင်ငံ (Candidate Country) အဖြစ် အတည်ပြုလက်ခံခဲ့ပါသည်။ ထိုအချိန်မှစ၍ မြန်မာနိုင်ငံသည် EITI လုပ်ငန်းစဉ်အား ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန်အလို့ငှာ EITI စံသတ်မှတ်ချက်နှင့်အညီ အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းကိုယ်စားလှယ်များပါဝင်သော မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့ (Myanmar EITI – Multi-Stakeholder Group) ကို ဖွဲ့စည်းပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။

၃။ မြန်မာနိုင်ငံ၏ ပထမအကြိမ် EITI အစီရင်ခံစာအား ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ပြန်နိုင်ခဲ့ပါသည်။ ယင်းအစီရင်ခံစာတွင် ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့၊ ကျောက်မျက်နှင့် ကျောက်စိမ်းနှင့် သတ္တုကဏ္ဍတို့မှ စာရင်းတိုက်ဆိုင်စစ်ဆေးထားသော အခွန်ဘဏ္ဍာဆိုင်ရာနှင့် အခြားအချက်အလက်များပါဝင်ပါသည်။

၄။ မြန်မာနိုင်ငံ EITI ဒုတိယအကြိမ် (၂၀၁၄ - ၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်) နှင့် တတိယအကြိမ် (၂၀၁၅ - ၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်) အစီရင်ခံစာများအား ၂၀၁၈ ခုနှစ်၊ မတ်လတွင် ထုတ်ပြန်ခဲ့ပါသည်။ ယင်းအစီခံစာများတွင် ဖော်ပြပါဘဏ္ဍာရေးနှစ်များအတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ကျောက်မျက်နှင့် ကျောက်စိမ်းနှင့် အခြားသတ္တုများနှင့် ပုလဲကဏ္ဍတို့မှ စာရင်းတိုက်ဆိုင်စစ်ဆေးထားသော အခွန်ဘဏ္ဍာဆိုင်ရာနှင့် အခြားအချက်အလက်များပါဝင်ပါသည်။ ၂၀၁၄ - ၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် တွင်းထွက်သယံဇာတကဏ္ဍမှ နိုင်ငံခြားသို့တင်ပို့ရောင်းချမှုသည် အမေရိကန်ဒေါ်လာသန်းပေါင်း ၆၆၄၈.၀၇ ဖြစ်ပြီး တစ်နိုင်ငံလုံးတင်ပို့မှု၏ ၅၃.၁ ရာခိုင်နှုန်း ရှိခဲ့ကြောင်း၊ ၂၀၁၅ - ၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် တွင်းထွက်သယံဇာတကဏ္ဍမှ နိုင်ငံခြားသို့တင်ပို့ရောင်းချမှုသည် အမေရိကန်ဒေါ်လာသန်းပေါင်း ၅၃၀၄.၀၃ ဖြစ်ပြီး တစ်နိုင်ငံလုံးတင်ပို့မှု၏ ၄၇.၆ ရာခိုင်နှုန်း ရှိခဲ့ကြောင်း အစီရင်ခံစာပါအချက်အလက်များအရ သိရှိရပါသည်။

၅။ EITI လုပ်ငန်းစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် တွင်းထွက်သယံဇာတ အရင်းအမြစ်များအား စီမံခန့်ခွဲမှု၊ အခွန်ကောက်ယူမှုစနစ်နှင့် မျှတသောရင်းနှီးမြှုပ်နှံမှုဝန်းကျင် စသည်တို့ တိုးတက်ကောင်းမွန်လာစေနိုင်ပြီး ပြည်သူလူထုအနေဖြင့်လည်း အခွန်ဘဏ္ဍာနှင့် အခြားအချက်အလက်များအား ပွင့်လင်းမြင်သာစွာ သိရှိလာနိုင်မည် ဖြစ်ပါသည်။

၆။ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အနေဖြင့် EITI စံသတ်မှတ်ချက်အတိုင်း EITI အစီရင်ခံစာများနှင့်ပတ်သက်၍ ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိလာနိုင်စေရေးအတွက် နည်းလမ်းများစွာ အသုံးပြု၍ တင်ပြသွားမည်ဖြစ်ပါသည်။ ထို့ပြင် အစီရင်ခံစာပါအချက်အလက်များနှင့်ပတ်သက်၍ အပြန်အလှန်မေးမြန်းဆွေးနွေးနိုင်သည့် လူထုဆွေးနွေးပွဲများကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျင်းပသွားမည် ဖြစ်ပါသည်။

*****

ဆက်သွယ်ရန် -

၁။ ဦးကျော်သက် (အစိုးရကိုယ်စားလှယ်) ၀၉ ၄၂၀ ၇၀၁ ၂၀၆
၂။ ဦးသန်းဌေးအောင် (အစိုးရကိုယ်စားလှယ်) ၀၉ ၄၉၂၁ ၇၈၂၃
၃။ ဦးမင်းသူ (အစိုးရကိုယ်စားလှယ်) ၀၉ ၉၆၄ ၆၂၆ ၁၅၄
၄။ ဦးခင်မောင်ဟန် (ပုဂ္ဂလိကကိုယ်စားလှယ်) ၀၉ ၇၃၀ ၀၈၈ ၆၁၇
၅။ ဒေါ်မိုးမိုးထွန်း (အရပ်ဘက်လူ့အဖွဲ့အစည်းကိုယ်စားလှယ်) ၀၉ ၅၀၇ ၇၆၄၀